# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ဝန်ကြီးဌာနများ

## ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်ချက်များ ဆွေးနွေးညှိနှိုင်းသဘောတူညီချက်များ၏ အကျဉ်းချုပ် ကောက်နုတ်ချက်

နေပြည်တော်

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၁)ရက်

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ရည်ရွယ်ချက် | ၁ |
| ရည်မှန်းချက် | ၂ |
| စံချိန်စံညွှန်းများနှင့်ပတ်သက်သော ရည်ညွှန်းချက်များ | ၄ |
| ဥပဒေဆိုင်ရာနှင့်ပတ်သက်သော ရည်ညွှန်းချက်များ | ၅ |
| လုပ်ငန်းစံချိန်စံညွှန်းနှင့်ပတ်သက်သော ရည်ညွှန်းချက်များ | ၆ |
| တင်ဒါခေါ်ယူခြင်း | ၇ |
| တင်ဒါကြေညာတွင် ပါဝင်ရမည့် အချက်များ | ၁၀ |
| တင်ဒါအာမခံကြေးပေးသွင်းခြင်း | ၁၃ |
| ကန်ထရိုက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် တင်ဒါခေါ်ယူသည့် စနစ်များ | ၁၈ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| တင်ဒါခေါ်ယူရာတွင် လိုက်နာကျင့်သုံးရမည့် အချက်များ | ၂၀ |
| တင်ဒါစိစစ်ရွေးချယ်ခြင်း | ၂၁ |
| ကန်ထရိုက်လုပ်ငန်းများ သတ်မှတ်ထားသည့် အရည်အသွေးပြည့်မီမှု ရှိ/မရှိ စစ်ဆေးခြင်း | ၂၈ |
| နောက်ကျဒဏ်ကြေးပေးဆောင်ခြင်း | ၃၀ |
| ငွေပေးချေမှုစနစ် | ၃၁ |
| အပြစ်ပေးအရေးယူခြင်း | ၃၅ |

# ရည်ရွယ်ချက်

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာ၌ လွယ်ကူချောမွေ့ မြန်ဆန်စေရန်အတွက် တည်ဆောက်ရေးလုပ်ငန်းများ တင်ဒါခေါ်ယူ စာချုပ်ချုပ်ဆိုရာတွင် လိုက်နာကျင့်သုံးရမည့် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ရန်နှင့် ဝန်ကြီးဌာန အသီးသီးရှိ ကန်ထရိုက် (Contract) စနစ်ဖြင့် ခွင့်ပြုသည့်လုပ်ငန်းများတွင် တူညီသောမူဝါဒများကို အခြေခံ၍ ဆောင်ရွက်ပြီး တည်ဆောက်ရေးလုပ်ငန်းများအား လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရန် တို့အတွက် ရည်ရွယ်ပါသည်။

# ရည်မှန်းချက်

(က) အဆင့်အတန်းမြင့်မားသော လုပ်ငန်းသုံးဆိုင်ရာ တင်ဒါခေါ်ယူခြင်းလုပ်ငန်းများ ဖြစ်မြောက်စေရေး။

- မှန်ကန်သော ကုန်ကျစရိတ် ဖြစ်စေရန်
- အရည်အသွေး ပြည့်ဝစေရန်
- မလိုလားအပ်သော မသမာမှုများမှ ကာကွယ်ရန်

(ခ) တည်ဆောက်မှုဆိုင်ရာ စီးပွားရေးလုပ်ငန်းများ ကောင်းမွန်စွာဖွံ့ဖြိုးတိုးတက်စေရေး

# အဆိုပါ ရည်မှန်းချက်များ အောင်မြင်စေရန်အတွက်

- တိကျသေချာသော တင်ဒါခေါ်ယူခြင်းလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊
- ပွင့်လင်းမြင်သာမှုအား တိုးတက်စေခြင်း၊
- ကြီးကြပ်မှု၊ စစ်ဆေးမှုများအား သေချာစွာ ဆောင်ရွက်စေခြင်း၊
- မသမာသော ၊ အရည်အသွေးမပြည့်မီသော ပစ္စည်းပေးသွင်းသူများ၊ ကုမ္ပဏီများအား လုပ်ငန်းဆောင်ရွက်ခွင့် မပြုခြင်း၊

# စံချိန်စံညွှန်းများနှင့်ပတ်သက်သော ရည်ညွှန်းချက်များ

ကိုးကားသုံးစွဲရမည့် စံချိန်စံညွှန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ရာတွင် Myanmar National Building Code ကို လိုက်နာရမည်။

# ဥပဒေဆိုင်ရာနှင့်ပတ်သက်သော ရည်ညွှန်းချက်များ

တင်ဒါခေါ်ယူခြင်းလုပ်ငန်း၊ ကန်ထရိုက်ရွေးချယ်ခြင်းလုပ်ငန်း၊ စာချုပ်ချုပ်ဆိုခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ဥပဒေဆိုင်ရာကိစ္စများကို ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မှ Public Works Department Code ကို လိုက်နာရမည်။

ငွေစာရင်းဆိုင်ရာ ကျင့်ထုံးကျင့်စဉ် နည်းလမ်းများကို ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ Public Works Accounts Code ကို လိုက်နာရမည်။

# တင်ဒါခေါ်ယူခြင်း

(၁)။ ကျပ် **(၁၀)** သန်း အောက် အသေးစားပြင်ဆင်ခြင်းလုပ်ငန်းများ (ဥပမာ- ခြံစည်းရိုးကာရံခြင်း၊ တံခါး/ပြူတင်းပြုပြင်ခြင်း၊ အမိုးမိုးခြင်း၊ ရေစင်အသေးတည်ဆောက်ခြင်း) စသော လုပ်ငန်းများ ဆောင်ရွက်ရာတွင် တင်ဒါခေါ်ဆိုရန် မလိုအပ်ဘဲ မိမိဌာနအတွင်း ဘုတ်အဖွဲ့ ဖွဲ့စည်းပြီး ယုံကြည်စိတ်ချရသော အဖွဲ့အားခေါ်ယူ တာဝန်ပေးအပ်ရမည်။

# လုပ်ငန်းစံချိန်စံညွှန်းနှင့် ပတ်သက်သော ရည်ညွှန်းချက်များ

ကနဦးသတ်မှတ်ရန်လိုအပ်သည့် ကြမ်းခင်းဈေးနှုန်းများ တွက်ချက်ပြုစုရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လုပ်ငန်းအခြေခံစံနှုန်းများ (Analysis of Rates) (အဆောက်အဦ၊ လေယာဉ်ကွင်း၊ လမ်း၊ တံတား၊ ရေသန့်၊ လျှပ်စစ်နှင့် သုတေသနဓါတ်ခွဲခန်း) ကို အခြေပြု တွက်ချက်ရပါမည်။

# တင်ဒါခေါ်ယူခြင်း

(၂)။ ကျပ် **(၁၀)** သန်းမှ **(၁၀၀)** သန်းအထိ လုပ်ငန်းများကို အိတ်ဖွင့်တင်ဒါ ခေါ်ယူရာတွင် သက်ဆိုင်ရာဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြေညာသင်ပုန်းများတွင် (၂) ပတ် ကြိုတင်၍ ကြေညာရပါမည်။ တင်ဒါရွေးချယ်ရာတွင်လည်း သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများနှင့်အတူ ခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် အခြားသော ပြင်ပအဖွဲ့အစည်းများမှ အနည်းဆုံး (၃) ဦး ပါဝင်သော ဘုတ်အဖွဲ့ ဖွဲ့စည်း၍ ရွေးချယ်ရမည် ဖြစ်ပါသည်။

# တင်ဒါခေါ်ယူခြင်း

(၃)။ ကျပ် **(၁၀၀)** သန်းအထက် လုပ်ငန်းများအတွက် ဆောင်ရွက်မည့်လုပ်ငန်း အမျိုးအစားကို ရှင်းလင်းစွာဖော်ပြပြီး နိုင်ငံပိုင်သတင်းစာများတွင် သိသာထင်ရှားစွာ ကြေညာ၍ သတ်မှတ်ရက်ထက် အနည်းဆုံး (၁) လ ကြိုတင်ပြီး တင်ဒါခေါ်ယူရမည်။ ၎င်းအပြင် မိမိရုံးကြေညာသင်ပုန်းနှင့် ဖြစ်နိုင်ပါက ဝန်ကြီးဌာန Website တို့တွင်လည်း (၁) လ ကြိုတင်၍ ကြေညာရမည်ဖြစ်ပါသည်။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းများ၊ စံချိန်စံညွှန်းများအား ပြုစုထားပြီး တင်ဒါတင်သွင်းမည့်သူများ ထံသို့ ထုတ်ပေးခြင်း၊ မှတ်တမ်းထားခြင်းများ ဆောင်ရွက်ရမည်။

အကယ်၍ ဘဏ္ဍာနှစ်ကုန်ဆုံးကာနီးတွင် မဖြစ်မနေဆောင်ရွက်ရန် ဖြစ်ပေါ်လာသည့် လုပ်ငန်းသစ်များအတွက် တင်ဒါခေါ်ယူရန် လိုအပ်လာပါက အနည်းဆုံး (၂) ပတ် ကြိုတင်၍ တင်ဒါ ခေါ်ယူနိုင်ပါသည်။

# တင်ဒါကြေညာတွင် ပါဝင်ရမည့်အချက်များ

(၁)။ တင်ဒါပုံစံများ ရရှိနိုင်သော နေရာနှင့်အချိန်၊ ၎င်းပုံစံ (၁) စောင် အတွက် ကျသင့်သော တန်ဖိုး

| လုပ်ငန်းတန်ဖိုး (ကျပ်သန်း) | တင်ဒါပုံစံအတွက်ကျသင့်သောတန်ဖိုး (ကျပ်) |
|---|---|
| ကျပ်သန်း ၅၀ အောက် | ၂၀၀၀/- |
| ကျပ်သန်း ၅၀ မှ ၁၀၀ အောက် | ၅၀၀၀/- |
| ကျပ်သန်း ၁၀၀ မှ ၁၀၀၀ အောက် | ၁၀၀၀၀/- |
| ကျပ်သန်း ၁၀၀၀ မှ ၂၀၀၀ အောက် | ၁၅၀၀၀/- |
| ကျပ်သန်း ၂၀၀၀ မှ ၃၀၀၀ အောက် | ၃၀၀၀၀/- |
| ကျပ်သန်း ၃၀၀၀ နှင့်အထက် | ၅၀၀၀၀/- |

ဖြင့်ရောင်းချ၍ ရောင်းချရငွေအားလုံးကို သက်ဆိုင်ရာ ဌာန၏ ရငွေစာရင်းတွင် ထည့်သွင်းရမည်။

# တင်ဒါကြော်ငြာတွင် ပါဝင်ရမည့်အချက်များ

- တင်ဒါပုံစံဆောင်ရွက်ခြင်းများနှင့် အခြားစရိတ်အတွက် ကုန်ကျစရိတ်များကို ခုနှိမ် ပေးသွင်းခြင်းမျိုး မပြုလုပ်ရပါ။ တင်ဒါပုံစံ ဆောင်ရွက်ခြင်းအတွက် ကုန်ကျစရိတ်များကို သက်ဆိုင်ရာဌာန၏ သာမန်အသုံးစရိတ်မှ ကျခံရမည် ဖြစ်ပါသည်။

(၂)။ တင်ဒါပုံစံများ ပေးပို့ရမည့်နေရာ၊ ရက်စွဲ၊ အချိန်နှင့် ၎င်းပုံစံများကို ဖွင့်လှစ်မည့် နေရာ၊ ရက်စွဲ၊ အချိန်တို့ကို ပြည့်စုံစွာ ပါဝင်ရပါမည်။

(၃)။ တင်ဒါပုံစံနှင့်အတူ ပေးသွင်းရမည့် တင်ဒါအာမခံကြေး (Bid Bond) နှင့် အောင်မြင်သော တင်ဒါအတွက်ပေးသွင်းရမည့် လုပ်ငန်းပြီးမြောက်မှုအာမခံ (Performance Guarantee) များကို ဖော်ပြရပါမည်။

# တင်ဒါကြေညာတွင် ပါဝင်ရမည့်အချက်များ

အိတ်ဖွင့်တင်ဒါတင်သွင်းသူသည် ပြည်နယ် / တိုင်းဒေသကြီး တစ်ခုစီအတွက် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် သတ်မှတ်ထားသော အိတ်ဖွင့်တင်ဒါအာမခံကြေးကို သက်ဆိုင်ရာ ဘဏ္ဍာရေးဌာနသို့ ပေးသွင်းရမည် ဖြစ်သည်။

# တင်ဒါအာမခံကြေးပေးသွင်းခြင်း

အိတ်ဖွင့်တင်ဒါ အာမခံကြေးအဖြစ် ခန့်မှန်းလုပ်ငန်းတန်ဖိုး၏ (၁%) ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ ငွေပေးအမိန့် (Payment Order Cheque) ပြုလုပ်၍ သက်ဆိုင်ရာ ဘဏ္ဍာရေးဌာနသို့ ပေးသွင်းရမည် ဖြစ်သည်။

အိတ်ဖွင့်တင်ဒါ မအောင်မြင်သူများ၏ တင်ဒါအာမခံကြေးအတွက် ပေးသွင်း ထားသော Payment Order Cheque ကို Cheque လက်ခံဖြတ်ပိုင်း တင်ပြပါက (၁) ပတ်အတွင်း ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။ Cheque လက်ခံဖြတ်ပိုင်း မတင်ပြနိုင်ပါက Payment Order Cheque ပေးသွင်းထားကြောင်းနှင့် လက်ခံဖြတ်ပိုင်း ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ကုမ္ပဏီဘုတ်အဖွဲ့ဝင်အားလုံး၏ ထောက်ခံစာ တင်ပြပါက စိစစ်၍ (၁) ပတ်အတွင်း ပြန်လည်ထုတ်ပေးမည် ဖြစ်ပါသည်။

# တင်ဒါအာမခံကြေးပေးသွင်းခြင်း

တင်ဒါပေးသွင်းသူသည် မိမိ၏ တင်ဒါအောင်မြင်မှုအတွက် အစိုးရအရာရှိများထံမှ လည်းကောင်း၊ သြဇာတိက္ကမရှိသော ပုဂ္ဂိုလ်များထံမှလည်းကောင်း အကူအညီရရှိရန် ကြိုးစားလျှင် အဆိုပါတင်ဒါအား ပယ်ဖျက်ပါမည်။

တင်ဒါခေါ်ယူရေးကော်မတီသည် ရရှိသော တင်ဒါတစ်ခုကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ အကြောင်းတစ်စုံတစ်ရာ ဖော်ပြခြင်းမပြုပဲ ပယ်ဖျက်ပိုင်ခွင့်ရှိကြောင်းကိုလည်း လိုက်နာမည့် တင်ဒါစည်းကမ်းချက်များတွင် အတိအလင်း ဖော်ပြရပါမည်။

မှတ်ချက် - တင်ဒါခေါ်ဆိုမှု (၁၀) မျိုးအတွက် ကုမ္ပဏီတစ်ခုတည်းမှ ဝင်ရောက်ယှဉ်ပြိုင်မည်ဆိုပါက အိတ်ဖွင့်တင်ဒါအာမခံကြေးကိုလည်း လုပ်ငန်းအမျိုးအစား အားလုံးအတွက် ပေးသွင်းရမည် ဖြစ်ပါသည်။

# တင်ဒါအာမခံကြေးပေးသွင်းခြင်း

တည်ဆောက်မှုဆိုင်ရာ တင်ဒါများအတွက် အိတ်ဖွင့်တင်ဒါ အောင်မြင်သူများ၏ လုပ်ငန်းပြီးမြောက်မှုအာမခံ (Performance Guarantee) (၅%) ကို (၅) ရက်အတွင်း ပေးသွင်းပြီး အိတ်ဖွင့်တင်ဒါအာမခံကြေးအား (၇) ရက်အတွင်း ပြန်လည် ထုတ်ပေးမည် ဖြစ်သည်။

ဝယ်ယူရေးဆိုင်ရာတင်ဒါများအတွက် အိတ်ဖွင့်တင်ဒါအောင်မြင်သူများ၏ လုပ်ငန်းပြီးမြောက်မှုအာမခံ Performance Guarantee (၁၀%) ကို (၂) ပတ်အတွင်း ပေးသွင်းပြီး အိတ်ဖွင့်တင်ဒါအာမခံကြေးအား (၇) ရက်အတွင်း ပြန်လည် ထုတ်ပေးမည် ဖြစ်သည်။

# တင်ဒါအာမခံကြေးပေးသွင်းခြင်း

ပြည်တွင်း တည်ဆောက်မှုဆိုင်ရာ တင်ဒါများ၏ လုပ်ငန်း ပြီးမြောက်မှုအာမခံ (Performance Guarantee) (၅%) ကို တည်ဆောက်ရေးလုပ်ငန်းများ Completion Certificate ရရှိပြီး (၁) နှစ် ပြည့်မှသာ ပြန်လည်ထုတ်ပေးမည် ဖြစ်ပါသည်။

မှတ်ချက် – လုပ်ငန်းပြီးမြောက်မှုအာမခံ (Performance Guarantee) ထုတ်ပေးသော်လည်း တည်ဆောက်သည့် ကုမ္ပဏီသည် တည်ဆောက်သည့်လုပ်ငန်း၏ တည်တံ့ခိုင်မြဲမှုကို မလွှန်ဆန်နိုင်သောဖြစ်ရပ်မှလွဲ၍ အနည်းဆုံး (၂) နှစ်ပြည့်သည်အထိ တာဝန်ရှိနေမည် ဖြစ်သည်။

# တင်ဒါအာမခံကြေးပေးသွင်းခြင်း

ပြည်တွင်း ဝယ်ယူရေးဆိုင်ရာ တင်ဒါများအတွက် လုပ်ငန်းပြီးမြောက်မှု အာမခံ (Performance Guarantee) (၁၀%) ကို သတ်မှတ်နေရာသို့ လိုအပ်သည့် စံချိန်စံညွှန်းများနှင့် ပြည့်စုံကြောင်း Good Acceptance Certificate လက်မှတ်ရရှိပြီး (၁) ပတ်အတွင်း ပြန်လည်ထုတ်ပေးမည် ဖြစ်ပါသည်။ အချို့ပစ္စည်းများသည် သတ်မှတ်နေရာသို့ လိုအပ်သည့် စံချိန်စံညွှန်းများနှင့် ပြည့်စုံကြောင်း Good Acceptance Certificate လက်မှတ်ရရှိပြီး ဖြစ်သော်လည်း တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှသာ ပြီးပြည့်စုံနိုင်သည့်အတွက် လုပ်ငန်းအောင်မြင်စွာ တည်ဆောက် ပြီးစီးကြောင်း Completion Certificate ရရှိပြီး (၁) ပတ် အတွင်း ပြန်လည်ထုတ်ပေးမည် ဖြစ်ပါသည်။

# ကန်ထရိုက်လုပ်ငန်းများဆောင်ရွက်ရာတွင် တင်ဒါခေါ်ယူသည့် စနစ်များ

Design Build Method ဆိုသည်မှာ တင်ဒါဝင်ရောက်ယှဉ်ပြိုင်သူမှ သတ်မှတ်လိုအပ်ချက်များအရ Architectural and Structural Drawing များရေးဆွဲပြီး တင်ဒါတင်သွင်းခြင်း ဖြစ်သည်။

Design Bid Build Method ဆိုသည်မှာ လုပ်ငန်းအပ်နှံသူမှ Architectural and Structural Drawing များ ကြိုတင်ရေးဆွဲပြီး တင်ဒါယှဉ်ပြိုင်သူမှ Design များအရ တင်ဒါတင်သွင်းခြင်း ဖြစ်သည်။

# ကန်ထရိုက်လုပ်ငန်းများဆောင်ရွက်ရာတွင် တင်ဒါခေါ်ယူသည့် စနစ်များ

Engineering Procurement Construction Method (EPC) ဆိုသည်မှာ အမျိုးအစား များပြားစွာ ပါဝင်သည့် အကြီးစား စက်မှုလုပ်ငန်းကြီးများအတွက်၊ အင်ဂျင်နီယာလုပ်ငန်းအားလုံး၊ တင်ဒါခေါ်ယူခြင်း လုပ်ငန်းအားလုံးနှင့် ဆောက်လုပ်မှု လုပ်ငန်းအားလုံးအတွက် တာဝန်ခံ ဆောင်ရွက်ပေးသည့် ကန်ထရိုက်စနစ် ဖြစ်သည်။ ၎င်းစနစ်သည် Turnkey အမျိုးအစားလည်း ဖြစ်ပါသည်။

# တင်ဒါခေါ်ယူရာတွင် လိုက်နာကျင့်သုံးရမည့်အချက်များ

အင်ဂျင်နီယာဝန်ထမ်း လုံလောက်စွာမရှိသော ဝန်ကြီးဌာနများအနေဖြင့် တည်ဆောက်မည့် ပုံစံကို ပြည်တွင်း / ပြည်ပ Consultant များတွင် ပုံစံကြိုတင် အပ်နှံနိုင်ပါသည်။ ဆောက်လုပ်ရေး ဝန်ကြီးဌာနတွင် ပုံစံအပ်နှံမည်ဆိုပါက ဌာနအနေဖြင့် မူရင်းဌာနလုပ်ငန်းများမှာ အလွန်များပြားလှ၍ ပြင်ပ ပညာရှင်များနှင့်ပူးပေါင်း၍ ပုံစံထုတ်ရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဝန်ကြီးဌာနအချင်းချင်း လုပ်ငန်းအပ်နှံမှသာလုပ်ငန်း လက်ခံ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

# တင်ဒါစီစစ်ရွေးချယ်ခြင်း

## (က) ဝယ်ယူရေးဆိုင်ရာတင်ဒါ

ဝယ်ယူမည့်ပစ္စည်း၏ အရေအတွက်၊ အရည်အသွေး၊ စံချိန်စံညွှန်းလိုအပ်ချက်နှင့် ပေးသွင်းရမည့်ကာလများအား ကြိုတင်သတ်မှတ်ပေးရပါမည်။

သက်ဆိုင်ရာဒေသ၏ ဈေးကွက်အတွင်းရှိ အနိမ့်ဆုံးကြမ်းခင်းဈေးနှင့် အမြင့်ဆုံးကြမ်းခင်းဈေးကို တင်ဒါခေါ်ယူသည့် အဖွဲ့အစည်း၏ ကြမ်းခင်းဈေးသတ်မှတ်ရေး ကော်မတီမှ ကြိုတင်သတ်မှတ်ပေးရမည်ဖြစ်ပါသည်။

ပေးသွင်းရမည့် ပစ္စည်းများ၏ ကြိုတင်သတ်မှတ်ထားရှိသော အရည်အသွေးနှင့် စံချိန်စံညွှန်းလိုအပ်ချက်များ ပြည့်မှီသောကုမ္ပဏီများသာတင်ဒါစိစစ်ရွေးချယ်ခံခွင့် ရှိပါသည်။

# တင်ဒါစိစစ်ရွေးချယ်ခြင်း

## (က) ဝယ်ယူရေးဆိုင်ရာတင်ဒါ

ပစ္စည်းတင်ဒါ ဈေးနှုန်းစိစစ်ရာတွင် မဖြစ်နိုင်သော ကြမ်းခင်းဈေးအောက်များစွာ လျော့နည်းသည့် တင်ဒါပါရှိပါက ၎င်းကို တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၏ အများသဘော တူညီမှုဖြင့် အဆိုပါ တင်ဒါအား ပယ်ဖျက်မည်ဖြစ်ပါသည်။

တင်ဒါယှဉ်ပြိုင်သူအားလုံးမှာ အမြင့်ဆုံးဈေးထက် ကျော်လွန်နေလျှင် ကြိုတင် သတ်မှတ်ထားသော ကြမ်းခင်းဈေးနှုန်းအတွင်း ရောက်ရှိအောင် အဆင့်ဆင့် ထပ်မံ ယှဉ်ပြိုင်စေပြီးနောက် တင်ဒါအောင်မြင်သူအား ရွေးချယ်ရပါမည်။

# တင်ဒါစိစစ်ရွေးချယ်ခြင်း

## (ခ) တည်ဆောက်မှုဆိုင်ရာတင်ဒါ

ဆောင်ရွက်မည့် လုပ်ငန်းပမာဏ၊ လိုအပ်သည့် အရည်အသွေး၊ စံချိန်စံညွှန်းများ သတ်မှတ်ကာလများအား ပြည့်စုံစွာ ကြိုတင်သတ်မှတ်ပေးရပါမည်။

ကျွမ်းကျင်မှုဆိုင်ရာစာအိတ် (Technical Proposal Envelope ) များကို လိုအပ်သော အရည်အသွေးနှင့် စံချိန်စံညွှန်းများ ပြည့်မီမှု ရှိ/မရှိ စိစစ် ရွေးချယ်ပြီးနောက် အရည်အသွေး ပြည့်မီသော ကျွမ်းကျင်မှုဆိုင်ရာ (Technical) အောင်မြင်သော ကုမ္ပဏီများကိုသာ ဈေးနှုန်း ဆက်လက် ဝင်ရောက်ယှဉ်ပြိုင်စေပြီး အဆိုပါ ကုမ္ပဏီများ၏ ဈေးနှုန်း အဆိုပြုလွှာစာအိတ် (Financial Proposal Envelope) ကို တင်ဒါစိစစ်ရွေးချယ်ရေး ကော်မတီနှင့် သက်ဆိုင်ရာ ကုမ္ပဏီများ၏ ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေး၍ ဈေးနှုန်း အနည်းဆုံးကုမ္ပဏီအား ပထမအဆင့် တင်ဒါအောင်မြင်သူအဖြစ် ပဏာမရွေးချယ် ရပါမည်။

# တင်ဒါစိစစ်ရွေးချယ်ခြင်း

## (ခ) တည်ဆောက်မှုဆိုင်ရာတင်ဒါ

အဆိုပါ တင်ဒါအောင်မြင်သူနှင့် အပြီးသတ်ညှိနှိုင်းစစ်ဆေးချိန်တွင် အရည်အချင်းမပြည့်မီဟု ဆုံးဖြတ်ပါက တင်ဒါရွေးချယ်ရေးကော်မတီသည် ဒုတိယအနိမ့်ဆုံးကုမ္ပဏီနှင့် ညှိနှိုင်း၍ အဆင့်ဆင့်ရွေးချယ်သွားပါမည် ။

ကျွမ်းကျင်မှုဆိုင်ရာ (Technical) မအောင်မြင်သော ကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာစာအိတ် (Financial Proposal Envelope) ကို မဖွင့်ပဲ ၎င်းကုမ္ပဏီများအား ပြန်လည် ပေးအပ်မည်ဖြစ်ပါသည်။

# မြို့ပြ၊ ရေသန့် ၊ လျှပ်စစ်၊ စက်မှုလုပ်ငန်းဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများ (သို့မဟုတ်) ပြင်ဆင်မှုလုပ်ငန်းများအတွက် စိစစ်ရွေးချယ်ခြင်း

တင်ဒါတင်သွင်းသောကုမ္ပဏီများကိုလည်း အောက်ပါအချက်များအပေါ်မူတည်၍ စိစစ်ရွေးချယ်မည် ဖြစ်ပါသည်။

- ကုမ္ပဏီတွင်ပါဝင်သော Professional Engineer ၊ Senior Registered Engineer နှင့် Registered Engineer အရေအတွက်နှင့် ၎င်းတို့၏ အတွေ့အကြုံများ
- ကုမ္ပဏီ၏ စက်၊ ယာဉ်၊ ယန္တရား လက်ဝယ်ပိုင်ဆိုင်မှုအခြေအနေ
- ကုမ္ပဏီ၏ ငွေကြေးလည်ပတ်မှု အခြေအနေ
- ကုမ္ပဏီ၏ ယခင်ဆောင်ရွက်ခဲ့ဖူးသော အတွေ့အကြုံများနှင့် အောင်မြင်မှုများ

# မြို့ပြ၊ ရေသန့် ၊ လျှပ်စစ်၊ စက်မှုလုပ်ငန်းဆိုင်ရာ
# တည်ဆောက်ရေးလုပ်ငန်းများ
# (သို့မဟုတ်) ပြင်ဆင်မှုလုပ်ငန်းများအတွက် စိစစ်ရွေးချယ်ခြင်း

- ယခင်ဆောင်ရွက်ခဲ့ဖူးသည့် ဝန်ကြီးဌာနများ၏ ထောက်ခံချက်၊ ကန့်ကွက်ချက်နှင့် မှတ်ချက်များ
- မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ အသိအမှတ်ပြုထားသည့်လက်ရှိ ကုမ္ပဏီ၏ အဆင့် အတန်း (ရှိလျှင်)

## မြို့ပြ၊ ရေသန့် ၊ လျှပ်စစ်၊ စက်မှုလုပ်ငန်းဆိုင်ရာ
## တည်ဆောက်ရေးလုပ်ငန်းများ
## (သို့မဟုတ်) ပြင်ဆင်မှုလုပ်ငန်းများအတွက် စိစစ်ရွေးချယ်ခြင်း

မှတ်ချက်(၁) – မြန်မာနိုင်ငံတွင် ကန်ထရိုက်တာ လုပ်ငန်းရှင်အသစ်များ ပေါ်ထွန်းလာရေးအတွက် လုပ်ငန်းအတွေ့အကြုံမရှိသည့် ကုမ္ပဏီ အသစ်ဖြစ်သော်လည်း ၎င်းကုမ္ပဏီတွင် ပါဝင်သော အင်ဂျင်နီယာများ၏ အတွေ့အကြုံ ရင့်ကျက်မှုပေါ် မူတည်၍လည်း ဦးစားပေး ရွေးချယ်ပေးရမည် ဖြစ်သည်။

မှတ်ချက်(၂) – နာမည်ကြီးကုမ္ပဏီဖြစ်သည်နှင့် ဦးစားပေး ရွေးချယ်ခြင်းမျိုး မပြုလုပ်ရန် လိုအပ်ပါသည်။

# ကန်ထရိုက်လုပ်ငန်းများ သတ်မှတ်ထားသည့် အရည်အသွေး ပြည့်မီမှု ရှိ/မရှိ စစ်ဆေးခြင်း (Quality Control)

မည်သည့်လုပ်ငန်းမဆို လုပ်ငန်းပမာဏ များသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ Quality Control လုပ်ငန်းအား လိုအပ်သလို ဆောင်ရွက်ရပါမည်။

အရေးကြီးလုပ်ငန်းများတွင် လိုအပ်ပါက Consultant Firm များ ငှားရမ်း ဆောင်ရွက်နိုင်ပါသည်။

# ကန်ထရိုက်လုပ်ငန်းများ သတ်မှတ်ထားသည့် အရည်အသွေး ပြည့်မီမှု ရှိ/မရှိ စစ်ဆေးခြင်း (Quality Control)

တည်ဆောက်မှုဆိုင်ရာတင်ဒါ ဆောင်ရွက်မည့်ကုမ္ပဏီအဖွဲ့အစည်းသည် အကောင်အထည်ဖော်နိုင်စွမ်းလေ့လာမှု (Feasibility Study) ဆောင်ရွက်ခြင်းလုပ်ငန်း၊ အသေးစိတ်ပုံစံထုတ်ခြင်း (Detailed Design) လုပ်ငန်းနှင့် အကြံပေးအဖွဲ့အစည်းများ (Consultant Firm) ငှားရမ်းခြင်း လုပ်ငန်းများအတွက် စီမံကိန်း တန်ဖိုး၏ အများဆုံး (၈%) အထိ သုံးစွဲနိုင်ပါသည်။

| | | |
|---|---|---|
| ကျပ်သန်းပေါင်း (၁၀၀၀) အောက် | – | ၈% |
| ကျပ်သန်းပေါင်း (၁၀၀၀– ၂၀၀၀) အထိ | – | ၇% |
| ကျပ်သန်းပေါင်း (၂၀၀၀) အထက် | – | ၆% |

မှတ်ချက် - နိုင်ငံခြား Consultant Firm ငှားရမ်းပါက ယခုခွင့်ပြုချက်ထက် ကျော်လွန်ပါက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် သီးခြား ခွင့်ပြုချက်တောင်းခံသွားရန် ဖြစ်ပါသည်။

# နောက်ကျဒဏ်ကြေးပေးဆောင်ခြင်း

(က) ဝယ်ယူရေးဆိုင်ရာတင်ဒါ

ပစ္စည်းများပေးသွင်းရာတွင် သတ်မှတ်ချိန်ထက် နောက်ကျပေးသွင်းပါကနောက်ကျဒဏ်ကြေးအဖြစ် (၁) ရက်လျှင် ပေးသွင်းရန်ကျန်ပစ္စည်းတန်ဖိုး၏ (၀.၀၁ %) ကို ပေးဆောင်ရပါမည်။

(ခ) တည်ဆောက်မှုဆိုင်ရာတင်ဒါ

သတ်မှတ်ထားသောနေ့ရက်တွင် ပြီးစီးအောင် တည်ဆောက်နိုင်ခြင်း မရှိပါက နောက်ကျဒဏ်ကြေးအဖြစ် (၁) ရက်လျှင် ဆောင်ရွက်ရန် ကျန်လုပ်ငန်းတန်ဖိုး၏ (၀.၀၁ %) ကို ပေးဆောင်ရပါမည်။

ဤသို့နောက်ကျဒဏ်ကြေးကို လုပ်ငန်းပြီးမြောက်မှုအာမခံ (Performance Guarantee) မှ ဖြတ်တောက်သိမ်းယူပါမည်။ ထပ်မံလိုအပ်ပါက ကန်ထရိုက်တာအား နောက်ထပ် တောင်းခံပါမည်။

# ငွေပေးချေမှုစနစ်

လုပ်ငန်းပြီးစီးမှုအပေါ်မူတည်၍ ချက်လက်မှတ် (Cheque) ဖြင့်ငွေပေးချေရမည်။

| | | |
|---|---|---|
| လုပ်ငန်းပြီးစီးမှု (၂၅%) | – | လုပ်ငန်းတန်ဖိုး၏ (၂၅%) အား ပထမအကြိမ် ပေးချေခြင်း |
| လုပ်ငန်းပြီးစီးမှု (၅၀%) | – | လုပ်ငန်းတန်ဖိုး၏ (၂၅%) အား ဒုတိယအကြိမ် ပေးချေခြင်း |
| လုပ်ငန်းပြီးစီးမှု (၇၅%) | – | လုပ်ငန်းတန်ဖိုး၏ (၂၅%) အား တတိယအကြိမ် ပေးချေခြင်း |
| လုပ်ငန်းပြီးစီးမှု (၁၀၀%) | – | လုပ်ငန်းတန်ဖိုး၏ (၂၅%) အား နောက်ဆုံးအကြိမ် ပေးချေခြင်း |

# ငွေပေးချေမှုစနစ်

## (က) ဝယ်ယူရေးဆိုင်ရာတင်ဒါ

ဝယ်ယူရေးဆိုင်ရာတင်ဒါများအတွက် ငွေပေးချေခြင်းအား ပစ္စည်းများအားလုံး သတ်မှတ်သည့်နေရာသို့ လိုအပ်သော အရေအတွက်၊ စံချိန်စံညွှန်းများနှင့် ပြည့်စုံစွာ လက်ခံရရှိကြောင်း Good Acceptance Certificate ရရှိပြီး (၁) ပတ် အတွင်း ငွေပေးချေရပါမည်။

ပေးသွင်းပစ္စည်း တန်ဖိုးကြီးမားပါက ကြားဖြတ်ငွေပေးချေခြင်းကို ဆောင်ရွက်နိုင်ပါသည်။ ငွေတောင်းခံခြင်းအား ပေးသွင်းပြီးပစ္စည်းမှာ စံချိန်စံညွှန်းများနှင့် ကိုက်ညီပြီး သတ်မှတ်သည့် နေရာသို့ ရောက်ရှိပြီးပါက လက်ခံရရှိ ပစ္စည်းတန်ဖိုး၏ (၇၅%) ထက် မများသော ငွေပမာဏအား ပေးချေနိုင်ပါသည်။

# ငွေပေးချေမှုစနစ်

## (ခ) တည်ဆောက်မှုဆိုင်ရာတင်ဒါ

ကြိုတင်ငွေ ပေးချေခြင်း (Advanced Payment) - စီမံကိန်းတန်ဖိုး၏ (၂၀) % ထက် မကျော်ရပါ။

ကြားဖြတ်ငွေပေးချေခြင်း (Interim Payment) - ငွေတောင်းခံချိန်၌ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းတန်ဖိုး၏ (၇၅)% ထက်မများသော ငွေပမာဏမှ ကြိုတင်ပေးချေထားသော ငွေကို နှုတ်၍ ပေးချေနိုင်ပါသည်။

အပြီးသတ်ငွေပေးချေခြင်း (Final Payment) - လုပ်ငန်းအပ်နှံသူမှ အသေးစိတ်စစ်ဆေးပြီး လက်ခံပါက လုပ်ငန်းပြီးစီးမှုမှတ်တမ်းကို ကန်ထရိုက်တာမှ တင်ပြပြီးစီးချိန်တွင် အပြီးသတ် ငွေပေးချေခြင်းလုပ်ငန်းကို စာချုပ်ပါစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက် နိုင်ပါသည်။

# ငွေပေးချေမှုစနစ်

## (ခ) တည်ဆောက်မှုဆိုင်ရာတင်ဒါ

မှတ်ချက် - ဝန်ကြီးဌာနများ၏ ငွေပေးချေမှုစနစ်တွင် အထက်ဖော်ပြပါ ငွေပေးချေမှုစနစ်နှင့် လုပ်ငန်းသဘာဝကွာခြားမှုကြောင့် ကွဲလွဲမှုရှိပါက သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် သီးခြားခွင့်ပြုချက် တောင်းခံသွားရန်ဖြစ်ပါသည်။